# ပြည်ဝင်ပြည်ထွက်နှင့် လူဝင်မှုကြီးကြပ်ရေး ဥပဒေ – စနစ်သစ် ရှင်းလင်းဖော်ပြချက်

## ၂၀၂၄ ခုနှစ် မတ်လ ၁ရက်နေ့မှ စတင်အကျိုးသက်ရောက်မည်။

**နိုင်ငံခြားသားများ နေထိုင်ခွင့် သက်တမ်းတိုးခြင်းအတွက် ကျသင့်ငွေဆိုင်ရာ စည်းမျဉ်း ပြင်ဆင်ချက်များကို ဖြည့်စွက်ထားသည်။**

ရက်ပေါင်း ၆၀ အထက်အပြင် ဗီဇာပေါ်တွင် နေထိုင်ခွင့်သက်တမ်းတိုးခွင့်မရှိဆိုသည့် စည်းမထုထားသော ထိုင်ဝမ်သို့ ဝင်ရောက်လာသော နိုင်ငံခြားသားများသည် နေထိုင်ခွင့်သက်တမ်း မကုန်ဆုံးခင် ဆက်လက်နေထိုင်ရန် လိုအပ်လာပါက လူဝင်မှုကြီးကြပ်ရေးဌာနတွင် နေထိုင်ခွင့်သက်တမ်းတိုးနိုင်သည်။ လျှောက်ထားမှုအတွက် ကျသင့်ငွေမှာ ထိုင်ဝမ်ဒေါ်လာ 300 ဖြစ်သည်။

### မှတ်ချက်

သက်တမ်းတိုးကာလတစ်ခုစီတိုင်းသည် မူလဗီဇာတွင် ခွင့်ပြုထားသော နေထိုင်ခွင့်ကာလထက် ကျော်လွန်၍ မရပါ။ ထို့အပြင် စုစုပေါင်း နေထိုင်ခွင့်ကာလသည် 6 လ ထက်ကျော်လွန်၍ မရပါ။








**နိုင်ငံခြားသားမိဘများ ရက်လွန်နေထိုင်ခြင်းအတွက် ထိန်းသိမ်းခြင်းဆိုင်ရာ စည်းမျဉ်း ပြင်ဆင်ချက်များကို ဖြည့်စွက်ထားသည်။**

ရက်လွန်နေထိုင်ခြင်း၊ အခြေချခြင်း သို့မဟုတ် တရားမဝင် အလုပ်လုပ်ကိုင်ခြင်းတို့ကြောင့် ပြည်ဝင်ခွင့်ပိတ်ထားသော နိုင်ငံခြားသားများသည် ၎င်းတို့၏ သားသမီးအရင်းသည် အိမ်ထောင်စုစာရင်းဝင်ထားသော နိုင်ငံသား၊ တရားဝင် အခြေချသော နိုင်ငံမဲ့ပြည်သူများ သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့်ရှိသော နိုင်ငံခြားသားများဖြစ်ပါက ပြည်ဝင်ခွင့် တားမြစ်ကာလကို ထက်ဝက်လျှော့ချပေးရန် လျှောက်ထားနိုင်သည်။



**နိုင်ငံခြားသားများ ရက်လွန် နေထိုင်ခြင်းအတွက် ထိန်းချုပ်ရေးကာလများကို ပြင်ဆင်ထားသည်။**

ထိုင်ဝမ်တွင် ရက်လွန်နေထိုင်သော၊ အခြေချသောနိုင်ငံခြားသားများအတွက် ပြည်ဝင်ခွင့်တားမြစ်ကာလကို အများဆုံး 3 နှစ်မှ 7 နှစ်အထိ တိုးမြှင့်သတ်မှတ်ထားသည်။





## လူကုန်ကူးမှုအဖွဲ့များကို တိုက်ဖျက်ရန် ပြစ်ဒဏ်ဥပဒေများကို ဖြည့်စွက်ထားသည်။

“လူကုန်ကူးအဖွဲ့” သည် နိုင်ငံခြားသားများကို တရားမဝင် ပြည်ဝင်ရောက်ခြင်းစသည့်နည်းလမ်းများဖြင့် ပြည်တွင်းကို ဝင်ရောက်စေသည်။ သို့မဟုတ် နိုင်ငံခြားသားများ သို့မဟုတ် နိုင်ငံသားများကို တရားမဝင် ပြည်ပသို့ ထွက်ခွာခြင်းစသည့်နည်းလမ်းများဖြင့် ပြည်ပသို့ ထွက်ခွာစေသည်။

ပြစ်မှုကျူးလွန်သူများကို 1 နှစ်အထက် 7 နှစ်အောက် ထောင်ဒဏ်အပြင် ဒဏ်ငွေအဖြစ် ထိုင်ဝမ်ဒေါ်လာ 1 သန်းအောက် ချမှတ်နိုင်မည်။ အကျိုးအမြတ်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် ပြစ်မှုကျူးလွန်သူများကို 3 နှစ်အထက် 10 နှစ်အောက် ထောင်ဒဏ်အပြင် ဒဏ်ငွေအဖြစ် ထိုင်ဝမ်ဒေါ်လာ 5 သန်းအောက် ချမှတ်မည်။ အဓိက ဦးဆောင်သူ ပြစ်မှုကျူးလွန်သူများကို 5 နှစ်အထက် ထောင်ဒဏ်အပြင် ဒဏ်ငွေအဖြစ် 10 သန်းအထိချမှတ်မည့်ဖြစ်သည့်အတွက် ကြိုးပမ်းသူအဖြစ် ပြစ်မှုပြစ်ဒဏ်များကို ပေးမည်။





ထိုင်ဝမ်ကို နိုင်ငံခြားသားများ အလုပ်လာရောက်လုပ်ကိုင်စေပြီး လာရောက်ရသည့် အကြောင်းအရင်းများနှင့် မကိုက်ညီသော လှုပ်ရှားမှုများ နောက်ကွယ်မှနေ၍ ပါဝင်ပတ်သက်ခြင်းကို တားဆီးနိုင်ရန်အတွက် ပြစ်ဒဏ်ဥပဒေများကို ဖြည့်စွက်ထားသည်။

"နောက်ကွယ်မှ ပါဝင်ပတ်သက်သော သူများ" ဆိုသည်မှာ နိုင်ငံခြားသားများကို ထိုင်ဝမ်တွင် နေထိုင်ခွင့်၊ အခြေချခွင့်နှင့် ကိုက်ညီမှုမရှိသော လှုပ်ရှားမှုများအတွက် စီစဉ်ပေးသူများကို ဆိုလိုသည်။ နိုင်ငံခြားသားများအား ထိုင်ဝမ်တွင် လာရောက်တောင်းရမ်းစေခြင်း၊ ဖျော်ဖြေစေခြင်း၊ ကုန်ပစ္စည်းများ ရောင်းချစေခြင်း၊ မိမိအမည်နာမဖြင့် ရန်ပုံငွေကောက်ခံစေခြင်း သို့မဟုတ် ဝတ်လစ်စလစ်ဖြင့် အရက်သောက်သူများကို ဧည့်ခံစေခြင်းများ စသည်တို့ ဖြစ်သည်။

"နောက်ကွယ်မှ ပါဝင်ပတ်သက်သော သူများ" အား ဒဏ်ငွေအဖြစ် ထိုင်ဝမ်ဒေါ်လာ 2 သိန်းအထက်မှ 1 သန်းအောက် ပေးဆောင်ရမည်။




ပြစ်ဒဏ်များကို တိုးမြှင့်ခြင်း - ရက်လွန်နေထိုင်ခြင်း သို့မဟုတ် တရားမဝင်နေထိုင်ခြင်းများကို တားမြစ်မည်။

ထိုင်ဝမ်အတွင်း ရက်လွန်နေထိုင်သော သို့မဟုတ် အခြေချနေထိုင်သော နိုင်ငံမဲ့ပြည်သူများ သို့မဟုတ် နိုင်ငံခြားသားများ



ဒဏ်ငွေအဖြစ် ထိုင်ဝမ်ဒေါ်လာ 1 သောင်းအထက်မှ 5 သောင်းအောက် ပေးဆောင်ရမည်။



**တရားမဝင်လုပ်ဆောင်မှုများအတွက် ရက်လွန်နေထိုင်သူများအား ခိုအောင်းစေခြင်း၊ လျှို့ဝှက်ပေးခြင်း၊ ဖုံးကွယ်ပေးခြင်းတို့ကို တားဆီးရန်အတွက် ဥပဒေများကို ပြင်ဆင်ထားသည်။**

တရားမဝင်လှူပ်ရှားမှုများ လုပ်ဆောင်သည့် ရက်လွန်နေထိုင်သော၊ အခြေချသော နိုင်ငံမဲ့ပြည်သူများ သို့မဟုတ် နိုင်ငံခြားသားများကို ရည်ရွယ်ချက်ရှိရှိဖြင့် “ခိုအောင်းစေခြင်း” ၊ “လျှို့ဝှက်ပေးခြင်း” ၊ “ဖုံးကွယ်ပေးခြင်း” တို့ကို ကူညီသူများ၊ ဥပမာ။ ။ “ရည်ရွယ်ချက်ရှိရှိဖြင့်” ရက်လွန်နေထိုင်သော သို့မဟုတ် အခြေချနေထိုင်သော နိုင်ငံခြားသားများ အရက်ဝိုင်းတွင် ဝတ်လစ်စားလစ်ဖြင့် အရက်ဝိုင်းတွင် ဧည့်ခံစေခြင်း၊ ထို့အပြင် စားသောက်ဆိုင်များတွင် “ခိုအောင်းစေခြင်း” ၊ သို့မဟုတ် အခြားသော နေရာထိုင်ခင်းများတွင် “လျှို့ဝှက်ပေးခြင်း” သို့မဟုတ် ရဲဌာန သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနမှ စစ်ဆေးချိန်တွင် “ဖုံးကွယ်ပေးခြင်း” တို့ကို လုပ်ဆောင်သူများ

▼

ကျူးလွန်သူများကို ဒဏ်ငွေအဖြစ် ထိုင်ဝမ်ဒေါ်လာ 6 သောင်းအထက်မှ 3 သိန်းအောက်အထိ ပေးဆောင်ရမည်ဖြစ်သည်။



မဖြစ်မနေ ပြည်ထွက်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အတွက် ရှေ့နေနှင့် စကားပြန်ပါရှိခွင့်တို့ကို ပြင်ဆင် သတ်မှတ်ထားသည်။

လူဝင်မှုကြီးကြပ်ရေးဌာနမှ ဥပဒေသတ်မှတ်ချက်အတိုင်း နိုင်ငံခြားသားအား မဖြစ်မနေ (ပြည်နှင်) ပြည်ပကို မထွက်ခွာမီ သက်ဆိုင်သူအနေဖြင့် ထုတ်ပြန်ချက်လုပ်ထုံးလုပ်နည်း အတွင်း သို့မဟုတ် စည်းမျဉ်းများအတိုင်း ပြန်လည်သုံးသပ်ပေးသည့် အစည်းအဝေးကို ခေါ်ယူသည့်အခါတွင် ရှေ့နေနှင့် စကားပြန်ကို ခေါ်ယူနိုင်သည်။





အသေးစိတ်သိရှိလိုပါက ပြည်ထဲရေးဝန်ကြီးဌာန၏ “ပြည်ဝင်ပြည်ထွက်နှင့် လူဝင်မှုကြီးကြပ်ရေး ဥပဒေများ ပြင်ဆင်သတ်မှတ်ချက်ဆိုင်ရာ အထူးကဏ္ဍ” တွင် ဖတ်ရှုပေးပါ။

ပြည်ထဲရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဌာနမှ သင့်အား ဂရုစိုက်လျက်ရှိသည်။